
## ဝက်ကျွတ်

Scientific name - *Commelina benghalensis* L.

Common name - Wandering jew

Family - Commelinaceae






အပင်ပုံသဏ္ဌာန်

နှစ်ရှည်ခံ သို့မဟုတ် တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး မြေတွင်ပြန့်၍သော်လည်းကောင်း၊ ထောင်၍သော်လည်းကောင်းပေါက်သည်။ ၁၅-၄၀ စင်တီမီတာအထိမြင့်ပြီး ကိုင်းဖြာ၍အဆစ်များမှ အမြစ်များထွက်သည်။ အရွက်သည် ရွက်လွှဲထွက်ပြီး ဘဲဥပုံဖြစ်၍ အမွေးများပါရှိသည်။ ပန်းခိုင်သည် ပန်းပွင့် ၁ - ၃ ပွင့်ဖြင့် ဖွဲ့စည်းထားသည်။ ပန်းပွင့်သည် အပြာရောင် သို့မဟုတ် တစ်ခါတစ်ရံအဖြူရောင် ပွင့်ချပ်၃ခုပါရှိသည်။ နံနက်ပိုင်းတွင် ပန်းပွင့်ပြီးမွန်းမတည့်မီပိတ်သွားသည်။ အသီးသည် အစေ့ ၅ ခုပါသောသစ်တော်သီးပုံ အက်ကွဲသီးဖြစ်သည်။ အစေ့သည် အညိုဖျော့ရောင်ရှိပြီး ရှည်၍ ချောမွတ်သည်။ ပင်စည်နှင့် အစေ့နှစ်မျိုးစလုံးဖြင့် မျိုးပွားသည်။